**အဆောက်အအုံခွင့်ပြုမိန့်ထုတ်ပေးရန်ကာလနှင့်ကန့်သတ်ချက်များ**

၁။ အဆောက်အအုံဆောက်လုပ်လိုခွင့်အတွက် တောင်းဆိုသည့် စာရွက်စာတမ်းများ၊ ပုံစံများ၊ အာမခံချက်များ၊ စာချုပ်များ၊ သီးခြားဖော်ပြချက်များနှင့် အကြောင်းအရာများကို ပြည့်စုံစွာဖြင့် ကော်မတီထံသို့ ထပ်မံပေးပို့ပြီးသည့်နေ့မှစ၍ ရက်သတ္တပတ် (၄)ပတ်အတွင်း ကော်မတီမှခွင့်ပြုကြောင်း ဖြစ်စေ၊ ငြင်းပယ်ကြောင်းဖြစ်စေ အကြောင်းကြားစာမရရှိလျှင် အဆောက်အအုံဆောက်လုပ်လိုသူသည် ကော်မတီသို့ ခွင့်ပြုချက်ရရှိရေးအတွက် စာဖြင့် ထပ်မံတင်ပြနိုင်ခွင့်ရှိသည်။ သို့သော် ခွင့်ပြုချက်မရမီ ကြိုတင်ဆောက်လုပ်ခွင့်မပြုရ။ ခွင့်ပြုမိန့်ရရှိပြီးပါက အဆောက်အအုံဆောက်လုပ်ခြင်းကို နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်ရမည်။

၂။ ကော်မတီသည် မြေပိုင်ဆိုင်မှုအငြင်းပွားပြီး ကန့်ကွက်လာပါက သက်ဆိုင်ရာ တရားရုံးတွင် ဖြေရှင်းဆုံးဖြတ်ပြီးမှသာ အဆောက်အအုံဆောက်လုပ်ခွင့်ကို စိစစ်ဆုံးဖြတ်ရမည်။